## ၁၀။ နှမ်းဖြုတ်ညို

**Sesame Jassids / Common Brown Leafhopper : *Orosius orientalis* ( Matsumura, 1914)**

**Hemiptera: Cicadellidae**

**ဖျက်ကောင်ပုံသဏ္ဍာန်**



အကောင်မှာ သေးငယ်၍(၃-၄)မီလီမီတာရှည်သည်။ ပုံသဏ္ဍာန်မမှန်သည့် ကန့်လန့်ဖြတ် သေးငယ်သော အနက်ရောင် အစက်များရှိသည် ခေါင်းပိုင်း၊ရင်ပိုင်း၊ အရှေ့တောင်တို့တွင် အနက်နှင့်အဖြူအစက်များအားကြွက်သားအမျှင်တွင် အစီအစဉ်အလိုက် တွေ့ရသည်။

**ဖျက်ဆီးပုံလက္ခဏာများ**





အကောင်ငယ်နှင့်အကောင်ကြီးသည် အရွက်၏ အောက်မျက်နှာပြင်တွင် နေပြီး ဖြုတ်ပိုး၏စုပ်စားမှုကြောင့် အပင်အား ထိခိုက်မှုမရှိသော်လည်း အကောင်ငယ်နှင့် အကောင်ကြီး သယ်ဆောင်လာသော နှမ်းဖိုရောဂါကြောင့် အထွက်နှုန်းကိုများစွာ ထိခိုက် စေပါသည်။ အဖျား ဖူးများများထွက်ခြင်း၊ ဆစ်ကြားတိုခြင်းလက္ခဏာများ၊ အပွင့်အသီး လုံးဝမတင်ခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ဗိုင်းရပ်စ်ရောဂါသယ်ဆောင်ကူးစက်သည်။

**ဘဝစက်ဝန်း**

ဥ အဆင့် **– (၆)** ရက်

ပိုးမမည် အဆင့် **– ( ၁၁)** ရက်

အကောင်ကြီး အဆင့် –(၁၀–၁၉)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) စိုက်ခင်းအတွင်းပေါင်းမြက်များအား ရှင်းလင်းပါ။

(၂) သီးလှည့်စိုက်ပျိုးပါ။

(၃)အဝါရောင်ပိုးဖမ်းထောင်ချောက်တပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၄)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မ ီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေးလ် (Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)
- ပိုင်မီထရိုဇင်း (Pymetrozine)